MYANMAR ECONOMIC MONITOR

DEC 2024



# COMPOUNDING CRISES

THE WORLD BANK
IBRD • IDA | WORLD BANK GROUP
East Asia & Pacific

# MYANMAR ECONOMIC MONITOR

## Compounding Crises

## Special Focus: International Migration from Myanmar

December 2024

## မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ ဒီဇင်ဘာ ၂၀၂၄ - အနှစ်ချုပ်

**နိုင်ငံတွင်းဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် မက်ခရိုစီးပွားရေး မတည်ငြိမ်မှုများအပြင် လတ်တလော ဖြစ်ပေါ်ခဲ့သည့် အလွန်ဆိုးရွားသော ရေလွှမ်းမိုးမှုကြီးများကြောင့် မြန်မာ့စီးပွားရေးအခြေအနေအရပ်ရပ်သည် ကုန်ခဲ့သော ခြောက်လတာကာလအတွင်း ပိုမိုဆိုးရွားလာခဲ့ပါသည်။** စက်တင်ဘာလအစောပိုင်းက အားအလွန်ကောင်းသည့် မုတ်သုန်မိုးနှင့် အတူ တိုက်ဆိုင်စွာဖြစ်ပေါ်ခဲ့သည့် ယာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြီးများက မြို့နယ်ပေါင်း ၁၈၂ မြို့နယ်ရှိ ပြည်သူ ၂ ဒသမ ၄ သန်း (တစ်နိုင်ငံလုံး လူဦးရေ၏ ၄ ဒသမ ၄ ရာခိုင်နှုန်းခန့်) ဘေးဒုက္ခရောက်ခဲ့ ကြရပါသည်။ ရေလွှမ်းမိုးမှုကြောင့် အဆောက်အအုံစုစုပေါင်း ၂၀ ရာခိုင်နှုန်းခန့်(အဆောက်အအုံပေါင်း ငါးသိန်းကျော်ခန့်)နှင့် နိုင်ငံတွင်း ဖောက်လုပ်တည်ဆောက်ထားသော လမ်းများ၏ ၁၀ ရာခိုင်နှုန်းနီးပါးခန့် ပျက်ဆီးဆုံးရှုံးခဲ့ရပါသည်။ ထို့အတူ အခြားသော အခြေခံအဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ရသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကမ္ဘာ့ဘဏ်က ပြုလုပ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာစစ်တမ်း ရလဒ်များအရ အဆိုပါရေလွှမ်းမိုးမှုကြီးများကြောင့် လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ လုပ်ငန်းအားလုံး၏ ထက်ဝက်ကျော်အပါအဝင် စီးပွားရေး လုပ်ငန်း သုံးပုံတစ်ပုံကျော်ခန့် ထိခိုက်နစ်နာခဲ့ရပါသည်။ ယာဂီတိုင်ဖွန်းမုန်တိုင်း၊ ၂၀၂၃ ခုနှစ် မေလအတွင်းဖြစ်ပေါ်ခဲ့သော ဆိုက်ကလုန်းမိုခါတို့နှင့် ဆက်စပ်သော ရေလွှမ်းမိုးမှုကြီး များ၏ ကျယ်ပြန့်သော ဂယက်ရိုက်ခတ်မှုများကိုကြည့်လျှင် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြီးများသည် ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ပိုမိုဆိုးရွားပြင်းထန်လာဖွယ်ရှိသည် ဆိုသောအချက်ကို သတိပေးနှိုးဆော်နေသကဲ့သို့ရှိပေသည်။ နိုင်ငံတကာစံသတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် ရာသီဥတုနှင့်သက်ဆိုင်သည့် အားနည်းချက်များ အခိုင်အမာ ရှိသော်လည်း သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်နိုင်မှုမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ နိမ့်ကျလျက်ရှိပြီး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဘေးအန္တရာယ်များလည်းရှိနေသည်ဆိုသောအချက်ကို ဖော်ပြလျက်ရှိပါသည်။

**လက်နက်ကိုင်ပဋိပက္ခများ၏ အခြေအနေနှင့် ပြင်းထန်မှု ဆက်လက်မြင့်တက်နေခြင်း၊ မြန်မာပြည်သူများ၏ ဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဆိုးရွားစွာထိခိုက်နစ်နာမှုရှိလာခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်ပစ္စည်း ဖြန့်ဖြူးမှု ကမောက်ကမဖြစ်ခြင်း အစရှိသည်တို့က မြန်မာနိုင်ငံစီးပွားရေး မျှော်မှန်းချက် မရေရာမသေချာမှုများကို ပိုမိုကြီးထွား လာအောင် ဖန်တီးပေးနေသကဲ့သို့ရှိပါသည်။**ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ မြန်မာပြည်သူ ၁ ဒသမ ၅ သန်းခန့် နေရာရွှေ့ပြောင်းနေထိုင်ခဲ့ပေရာ ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင်ရာသူ စုစုပေါင်း ၃ ဒသမ ၅ သန်း (လူဦးရေစုစုပေါင်း၏ ၆ ရာခိုင်နှုန်းခန့်) ထိ ရောက်ရှိလာပေသည်။ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ ၏ ထက်ဝက်ကျော်ခန့်မှာ ပဋိပက္ခဖြစ်ပွားနေသာ နယ်မြေထဲတွင်ရောက်ရှိနေပြီး မြို့နယ်ပေါင်း ၆၁ မြို့နယ်မှာ စစ်အုပ်ချုပ်ရေး (မာရှယ်လော) ထုတ်ပြန်ကြေညာခံထားရသည်။ ပဋိပက္ခများကြောင့်ဖြစ်သော ဂယက်ရိုက်ခတ်မှုများအနက် အရေးကြီးသည့်ကိစ္စရပ်တစ်ခုမှာ မြို့နယ်အတော်များများသို့ ဝင်ရောက်သွားလာခွင့် ပိတ်ပင်ခံထားရခြင်းပင်ဖြစ်သည်။ သို့အတွက်ကြောင့် လတ်တလောဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများအတွက် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲ အကျပ်အတည်းများစွာ ဖြစ်ပေါ်စေခဲ့ပေသည်။ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းကြီးမှာလည်း အခက်အခဲ အနှောက်အယှက်များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ် နိုင်ငံ နယ်စပ်ဒေသတစ်လျှောက်ရှိ နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးဂိတ် ၈ ခုရှိသည့်အနက် ၆ ခုမှာ ကုန်သွယ်ရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်လုပ်ကိုင်နိုင်ခြင်းမရှိတော့ပေ။

**ကုန်သွယ်ရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခနှင့်ဆက်စပ်သော အနှောက်အယှက် အဟန့်အတားများ ဖြစ်ပေါ်နေခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာကျဆင်းလာခြင်း၊ သွင်းကုန်လိုင်စင်ဆိုင်ရာ စည်းမျဉ်းဥပဒေများ အတင်းအကျပ်သတ်မှတ်ပြဋ္ဌာန်းလာခြင်းတို့ကြောင့် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ဈေးနှုန်း အဆမတန် မြင့်တက်မှုတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။** ၂၀၂၄ ခုနှစ် ပထမ ၈ လပတ်အတွင်း အမေရိကန်ဒေါ်လာဈေးကွက်တွင်

မြန်မာကျပ်ငွေတန်ဖိုး ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းဆုံးရှုံးသွားခဲ့ရသည်။ နောက်ပိုင်းတွင် ငွေကြေးလဲလှယ်မှုနှုန်းထား တည်ငြိမ်ခဲ့သော်လည်း တိုင်ဖွန်းမုန်တိုင်းယာဂီဝင်ရောက်တိုက်ခတ်မှု၊ ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုတို့၏ ဂယက်ရိုက်ခတ်မှု ဖြစ်သော ပြည်တွင်းကုန်စည်ရရှိမှု(Supply)နှင့် ကုန်စည်ပစ္စည်းများထောက်ပံ့စီးဆင်းမှု လုပ်ငန်းစဉ် ကသောင်းကနင်းဖြစ်မှု တို့ကြောင့် ငွေကြေးဖောင်းပွမှုမှာ မြင့်တက်နေဆဲပင်ရှိခဲ့ပါသည်။ နောက်ဆုံးရရှိသည့် CPI ဒေတာအချက်အလက်များအရ ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း ဈေးနှုန်းများ ၂၅ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ သို့သော် နောက်ပိုင်းရရှိသည့် အချက်အလက်များအရ အဆိုပါကာလမှစ၍ ကုန်ဈေးနှုန်းများမြင့်တက်မှုမှာ ပိုမိုမြန်ဆန်လာခဲ့သည်ကိုတွေ့ရပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလကထွက်ပေါ်လာသော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ အစားအသောက်ဈေးနှုန်းဆိုင်ရာညွှန်းကိန်းကို ကြည့်မည်ဆိုလျှင် ယမန်နှစ် (၂၀၂၃ခုနှစ်၊ စက်တင်ဘာ) အချိန်ကထက် နှစ်ဆဖြစ်လာသည်ကိုတွေ့ရပါသည်။ လောင်စာဆီဈေးနှုန်းမှာလည်း ၃၅ ရာခိုင်နှုန်းမြင့်တက်လာပေသည်။ ဈေးနှုန်းများမှာ ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေဒေသများတွင် အဆမတန်ကြီးမားနေသည်ကို သိသိသာသာ တွေ့မြင်ရပါသည်။ ပဋိပက္ခကြီးများဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် စက်တင်ဘာလအထိ တစ်နှစ်တာကာလအတွင်း အစားအသောက်နှင့် လောင်စာဆီဈေးနှုန်းများ နှစ်ဆကျော်ခန့်မြင့်တက်ခဲ့သည်။ သွင်းကုန်လိုင်စင် ချပေးမှုအပေါ် ကန့်သတ်ချက်များပြုလုပ်ခြင်း၊ ယင်းသွင်းကုန်လိုင်စင်ရရှိရေးအတွက် လိုအပ်ချက်များနှင့်ပတ်သက်ပြီး တင်းကြပ်မှုများပြုလုပ်ခြင်း အစရှိသည်တို့က သွင်းကုန်ပစ္စည်းများရရှိမှုနှင့် သွင်းကုန်ပစ္စည်းဈေးနှုန်းများအပေါ် ကြီးမားသည့် ဖိအားများဖြစ်စေခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြည်တွင်းသို့ သွင်းကုန်ပစ္စည်းဝင်ရောက်မှုမှာ ယမန်နှစ် အလားတူကာလကထက် ၁၁ ရာခိုင်နှုန်းလျော့ကျသွားသည်ကိုတွေ့ရသည်။ ဆန်၊ စားသုံးဆီနှင့် ရေနံထွက်ကုန်ကဲ့သို့သော အခြေခံလိုအပ်သည့်ကုန်ပစ္စည်းများအတွက် အာဏာပိုင်များက အမြင့်ဆုံးအထိတက်နိုင်သော ဈေးနှုန်းသတ်မှတ်ချက်များ ပြဋ္ဌာန်းခဲ့ကြသည်။ သို့သော်လည်း အဆိုပါလုပ်ဆောင်ချက်ကြောင့် ဈေးနှုန်းသတ်မှတ်ထိန်းချုပ် ခံထားရသော ကုန်ပစ္စည်းများ ပြတ်လပ်မှုကို ဆိုးရွားစွာဖြစ်ပေါ်စေခဲ့ရုံမျှမက အလားတူယှဉ်ပြိုင်ဈေးကွက်များအတွင်း ဈေးနှုန်းများ ပိုမိုမြင့်တက်သွားအောင် ဖန်တီးလိုက်သကဲ့သို့ရှိစေခဲ့ပေသည်။

**လျှပ်စစ်မီး ရရှိမှု လျော့ကျလာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ သာမက အိမ်ထောင်စုများကိုပါ ပို၍ သက်ရောက်မှုရှိလာသည်။** စက်မှုဇုန်များတွင် လျှပ်စစ်မီး ရရှိမှုမှာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက စက်တင်ဘာ ၂၀၂၄တွင် ၇ ရာခိုင်နှုန်း ခန့် လျော့ကျလာသည်။ စက်မှုဇုန်မဟုတ်သော နယ်မြေများအတွင်း စီးပွားရေးလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှာမူ ၂၄ ရာခိုင်နှုန်း အထိ လျော့ကျသွားခဲ့ပေသည်။ ရခိုင်ပြည်နယ်မှာ လျှပ်စစ်ဓာတ်အား ပေးဝေမှု ထက်ဝက်ကျော် လျှော့ချဖြတ်တောက်ခံထားရပြီး ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညဘက် လျှပ်စစ်ဓာတ်အား ရရှိမှုမှာ သုံးပုံတစ်ပုံကျော်ခန့်လျော့ကျသွားပါသည် ။

**ကုန်ထုတ်လုပ်မှုကဏ္ဍဆိုင်ရာအညွှန်းများက ဆိုခဲ့ပါ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်လာရသော စီးပွားရေးဝန်းကျင်၏ သက်ရောက်မှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိပါသည်။** FAO နှင့် USDA တို့၏ ခန့်မှန်းချက်များအရ ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် လျော့ကျလာဖွယ်ရှိနေသည်။ ရေလွှမ်းမိုးမှုများက စပါး၊ ပဲ၊ မတ်ပဲ အပါအဝင် ကောက်ပဲသီးနှံများ စိုက်ပျိုးသောလယ်မြေများကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခဲ့သလို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကအခရာကျသော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် မျိုးစေ့ပြတ်လပ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ သည်။ Purchasing Managers Index ၏ ကုန်ထုတ်လုပ်မှုဆိုင်ရာအညွှန်းက ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလတာကာလအတွင်း တစ်လချင်းစီတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အရွယ်အစားကျုံ့ဝင်လာကြောင်း အချက်ပေးဖော်ပြခဲ့သည်။ (ယမန်နှစ် အဆိုပါလေးလတာကာလနှင့် များစွာကွဲပြားခြားနားကြောင်း ဖော်ပြပါသည်။) ပြည်တွင်းအခြေပြု ကုန်ထုတ်လုပ်ငန်းများအနေနှင့် သွင်းကုန်ကန့်သတ်မှုများမှ အကျိုးအမြတ်ထွက်ပေါ်ခဲ့သည်မှာ မှန်သော်လည်း ၎င်းတို့အနေနှင့် အခြားတစ်ဖက်တွင် ပြည်ပမှတင်သွင်းသော ကုန်ကြမ်းများပြတ်လပ်မှုကြီးကို ဆိုးရွားစွာ ရင်ဆိုင်ခဲ့ကြရသည်။

ယခုနှစ်အစောပိုင်းကာလမှစ၍ စက်တင်ဘာလအထိ တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှု လေးပုံတစ်ပုံခန့် လျော့ကျလာခဲ့သည်။ အရေးပါသည့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းကြီး များလည်း နှောင့်နှေးကြန့်ကြာခြင်း သို့မဟုတ် ရပ်ဆိုင်းထားရခြင်းများရှိနေသည်။ လက်လီနှင့် လက်ကားရောင်းဝယ်ရေး လုပ်ငန်းများမှာလည်း ကုန်ပစ္စည်းတင်သွင်းမှုဆိုင်ရာအခက်အခဲများ၊ ငွေကြေးအဆမတန်ဖောင်းပွသည့်ဂယက်များ၊ စီးပွားရေး လုပ်ဆောင်ချက် အားနည်းလာမှုများ၊ အိမ်ထောင်စုဝင်ငွေလျော့ကျလာမှုများ စသည့်စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်နေခဲ့ကြရသည်။ ပြည်တွင်းလေကြောင်းခရီးသွားလာမှုမှာ ပြီးခဲ့သည့် ဧပြီလမှ ဩဂုတ်လ ၂၀၂၄ ကြားကာလထဲတွင် ၂၂ ရာခိုင်နှုန်းထိ လျော့ကျခဲ့သည်။ အရေးပါသည့် ခရီးသွားနေရာသို့သွားလာရာတွင် လုံခြုံမှုမရရှိခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ဖြစ်သည်။ နိုင်ငံတကာမှ ခရီးသွားများဝင်ရောက်မှုမှာလည်း အလားတူကာလအတွင်း ၃၀ ရာခိုင်နှုန်းလျော့ကျခဲ့သည်။ ရင်းမြစ်ပေါကြွယ်ဝရာနယ်မြေဒေသများဖြစ်သော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့်နယ်မြေများတွင် ပဋိပက္ခများကူးစက်ပြန့်နှံ့သွားခြင်းကြောင့် တွင်းထွက်ပစ္စည်း ထွက်ရှိမှုများလည်း လျော့ကျသွားခဲ့ရသည်။ လုပ်ငန်းစုများ၏အရောင်းနှင့် အမြတ်အစွန်းရရှိမှုများ လျော့ကျသွားခဲ့သည်။ လုပ်သားလိုအပ်ချက်မှာလည်း လျော့နည်းခဲ့သည်။ ၂၀၂၄ အောက်တိုဘာလတွင် ကမ္ဘာ့ဘဏ်က ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်ချက်အရ လုပ်ငန်းပေါင်းလေးပုံတစ်ပုံခန့်မှာ အလုပ်သမားဝန်ထမ်းများ၏ အလုပ်ချိန်ကို လျှော့ချပစ်ခဲ့ကြသည်။ အလုပ်အကိုင်ခန့်နိုင်အပ်မှုမှာလည်း ယခင်ရှိပြီးသား နိမ့်ကျသည့်အနေအထားမှ ဆက်လက်ကျဆင်းခဲ့သည်။

**မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် တဖြည်းဖြည်းချင်းကြီးထွားလာသော ဆိုခဲ့ပါ အခြေအနေဆိုးကြီးများ၏ ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။** IFPRI, WFP နှင့် FAO တို့၏အဆိုအရ စားနပ်ရိက္ခာလုံခြုံမှုကိစ္စမှာ ဆိုးဆိုးရွားရွား ဖြစ်နေဆဲပင်။ ပြည်သူ ၁၄ ဒသမ ၃ သန်း (လူဦးရေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း) သည် ဆိုးရွားပြင်းထန်လှသည့် စားနပ်ရိက္ခာ မလုံခြုံမှုနှင့် ကြုံတွေ့နေရပေသည်။ (၂၀၂၄ အောက်တိုဘာ) ယမန်နှစ်ကပြုလုပ်ခဲ့သော လေ့လာချက်အရ ယင်းသို့ ကြုံတွေ့နေရသူ ၁၀ ဒသမ ၇ သန်း ရှိခဲ့သည်။ ယင်းသို့ဖြစ်ရသည့်အဓိကအကြောင်းမှာ စားသောက်ကုန်ဈေးနှုန်း ဖောင်းပွခြင်းနှင့် စားသောက်ကုန်ပစ္စည်း ပြတ်လပ်ခြင်းတို့ကြောင့်ဟု သိရသည်။ တိုင်ဖွန်းယာဂီမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုတစ်ခုတည်းကြောင့်ပင် လူပေါင်း ၁ ဒသမ ၄ သန်းခန့် ဆိုးရွားသည့် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟု ခန့်မှန်းရသည်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ပဋိပက္ခများပြင်းထန်လျက်ရှိသည့် နေရာဒေသများတွင် စားသောက်ကုန် ဈေးနှုန်းများမှာ ပြီးခဲ့သည့် စက်တင်ဘာလအထိ တစ်နှစ်တာကာလအတွင်း ပျမ်းမျှ ၈၀ မှ ၁၈၀ ရာခိုင်နှုန်းအထိ စံချိန်တင် မြင့်တက်သွားခဲ့ပေသည်။ ထို့အတူ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စားသောက်ကုန်ဈေးနှုန်းများမှာ ပျမ်းမျှ ၅၀ မှ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ဖိအားပေး ရွှေ့ပြောင်းနေထိုင်ရမှုများကြောင့် ဝင်ငွေရရှိမည့် အခွင့်အလမ်းများ လက်လွှတ်ဆုံးရှုံးရသလို စားသုံးမှုကိုလည်း လျော့ပါးစေခဲ့ပါသည်။ ပြည်တွင်းပြောင်းရွှေ့အခြေချနေထိုင်ရသူ အိမ်ထောင်စု များ၏ အလုပ်လက်မဲ့နှုန်းထားသည် ရွှေ့ပြောင်းအခြေချနေထိုင်ရခြင်းမရှိသည့် အိမ်ထောင်စုများထက် ၃ ဆခန့် ပိုမို မြင့်မားလျက်ရှိသည်ကိုတွေ့ရပါသည်။

**အဆိုပါ ဆိုးရွားသည့် စိန်ခေါ်မှုကြီးများကို ထည့်သွင်းစဉ်းစားမည်ဆိုပါက (၂၀၂၅ ခုနှစ် မတ်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်တွင်) GDP မှာ ၁ ရာခိုင်နှုန်းခန့်လျော့ကျသွားမည်ဟု ခန့်မှန်းရပါသည်။** ယခင်က GDP တိုးတက်မှု ၁ ရာခိုင်နှုန်းရှိမည်ဟု ကျွန်ုပ်တို့၏ မျှော်မှန်းချက်ထက် လျော့ကျလာခြင်းဖြစ်ပါသည်။ (ဇယား- ES-1) ပဋိပက္ခများထပ်မံတင်းမာ တိုးလာခြင်းမရှိဟု ယူဆချက်ထားသည့်တိုင် အဆိုပါနှစ်အတွင်း GDP တိုးတက်မှုမှာ မရှိသလောက် ဖြစ်နေဦးမည်သာပင်။ ယင်းသုံးသပ်ခန့်မှန်းချက်မှာလည်း ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍများအားလုံး၌ တိုးတက်မှု နှေးကွေးလာမှုများကို အခြေခံကာ ခန့်မှန်းထားခြင်းဖြစ်ပေသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှုမှာ ကျဆင်းလာဖွယ်ရှိသည်။ အကြောင်းမှာ မုတ်သုန်ကာလရေလွှမ်းမိုးမှုကြီးများနှင့် တိုင်ဖွန်းယာဂီ မုန်တိုင်း ဝင်ရောက်တိုက်ခတ်

ခဲ့ခြင်းကြောင့် ကောက်ပဲသီးနှံနှင့် ကျွဲနွားတိရစ္ဆာန်များ ဆုံးရှုံးခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအခန်းကဏ္ဍများ၏ တိုးတက်ဖွံ့ဖြိုးမှုမှာ အနည်းငယ်လျော့ကျသွားမည်ဟု ခန့်မှန်းရပါသည်။ အကြောင်းမှာ ကုန်ကြမ်းပြတ်လပ်မှုများဆက်တိုက်ပေါ်ပေါက်နေခြင်း၊ ပြည်တွင်းဝယ်လိုအား၊ သွင်းကုန်၊ လျှပ်စစ်ဓာတ်အား လျော့ကျလာခြင်း၊ လက်ရှိပဋိပက္ခများနှင့် စီးပွားရေးမရေရာမသေချာမှုများ၏ ဂယက်ရိုက်ခတ်မှုများ ရှိနေခြင်းတို့ကြောင့်ဖြစ်ပေသည်။ လက်လီနှင့် လက်ကားရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ အခန်းကဏ္ဍမှာလည်း အိမ်ထောင်စု တစ်စုချင်းစီဝင်ငွေလျော့ကျလာမှုနှင့် စားသုံးကုန်ဈေးနှုန်းများမြင့်တက်လာမှုတို့ကြောင့် ထူးခြားသည့် စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်နေရပေသည်။ ၂၀၂၅ ခုနှစ်အတွက် GDP ခန့်မှန်းချက်မှာ ၂၀၁၉ ခုနှစ်ကခန့်မှန်းချက်ထက် ၁၁ ရာခိုင်နှုန်း လျော့ကျနေမည့်သဘောတွင်ရှိပါသည်။ နိုင်ငံစီးပွားရေးတစ်ခု၏ ရောင်းလိုအားဘက်ရော ဝယ်လိုအားဘက်ပါ လတ်တလော ဆိုးရွားတုန်လှုပ်စရာကောင်းသည့်အခြေအနေများနှင့် ဆက်တိုက်ဆိုသလို ရင်ဆိုင်ကြုံတွေ့နေရသည်ဟူသော အချက်ကြောင့်ဟု ယူဆ၍ရနိုင်ပါသည်။

**ငွေကြေးဖောင်းပွမှုမှာ ယခုဘဏ္ဍာနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ သတ်မှတ်ချက်အရ ၂၆ ရာခိုင်နှုန်း ခန့်ဖြင့် ဆက်လက်မြင့်တက်နေမည်ဟု ခန့်မှန်းရပါသည်။** ငွေလဲလှယ်မှုနှုန်းထား အပြောင်းအလဲအဆမတန်မြန်ဆန်ခြင်း၊ အခြေခံထုတ်ကုန်များ ပြတ်လပ်မှုမြင့်မားလာခြင်း၊ လျှပ်စစ်မီတာခွန်များ တိုးမြှင့်ကောက်ခံခြင်းတို့ကို အခြေခံပြီး ငွေကြေးဖောင်းပွမှု မြင့်တက်နေမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ထိုမျှမကသေးဘဲ ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားနှင့် တွန်းအားများလည်း လာမည့်နှစ်အတွင်း ဆက်လက်ဖြစ်ပေါ်နေဦးမည်ဟု ခန့်မှန်းရသည်။ အကြောင်းမှာ သွင်းကုန်များတင်သွင်းမှုအပေါ် ချုပ်ကိုင်မှုများပိုမိုလုပ်ဆောင်ခြင်း၊ ပဋိပက္ခများကြောင့် ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ ကမောက်ကမဖြစ်ခြင်း၊ ငွေကြေးလဲလှယ်မှုနှုန်းထားများ မတည်မငြိမ်ဖြစ်ဖြစ်၊ ဘတ်ဂျက်လိုငွေပြမှုများအပေါ် ဗဟိုဘဏ်တစ်ခုတည်း၏ ပံ့ပိုးကူညီမှုကိုသာ ဆက်လက်မှီခိုအားထားနေရခြင်းတို့ကြောင့်ဖြစ်ပေသည်။

Table ES 1: မက်ခရိုစီးပွားရေးအညွှန်း (annual % change unless indicated otherwise)

| | 2019-20 | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25F | 2025-26F |
|---|---|---|---|---|---|---|---|
| Real GDP growth, at constant factor prices | 6.6 | -9 | -12 | 4 | 1 | -1 | 2 |
| Agriculture | 2.2 | -5.7 | -12.8 | -2.2 | 2.0 | -3.8 | 1.9 |
| Industry | 8.0 | -11.8 | -8.2 | 8.0 | 0.0 | -0.2 | 2.0 |
| Services | 7.8 | -8.4 | -14.7 | 3.9 | 1.4 | -0.2 | 2.1 |
| CPI inflation | 9.1 | 2.3 | 9.6 | 27.2 | 27.5 | 26.0 | 30.0 |
| Trade balance (% of GDP) | -5.6 | -2.9 | -2.4 | -5.5 | -4.0 | -2.2 | -3.3 |
| Current account balance (% of GDP) | -1.8 | -0.4 | -2.4 | -3.5 | -2.2 | -1.2 | -2.3 |
| Fiscal balance (% of GDP) | -6.2 | -7.6 | -2.2 | -2.8 | -5.3 | -5.4 | -5.8 |
| - Revenue (% of GDP) | 22.4 | 16.2 | 16.5 | 21.3 | 19.7 | 21.9 | 23.2 |
| - Expenditure (% of GDP) | 28.6 | 23.8 | 18.7 | 24.1 | 25.0 | 27.4 | 29.0 |
| Public debt (% of GDP) | 42.2 | 54.0 | 54.2 | 58.8 | 61.8 | 62.0 | 60.5 |

Note: April-March fiscal year, so "2024-25" denotes the current year ending March 2025.

**သွင်းကုန်ထိန်းချုပ်မှုများသည် ပြင်ပအခန်းကဏ္ဍများ၏ ဖိအားများကို တစ်စိတ်တစ်ပိုင်းအားဖြင့် အကာအကွယ်ပြုပေးမည်ဟု မျှော်လင့်ရသည်။** Current Account နှင့် ကုန်သွယ်ရေးလိုငွေပြမှုများသည် ဘဏ္ဍာနှစ် ၂၀၂၄ နှင့် ၂၀၂၅ တို့တွင် GDP ၁ ဒသမ ၂ ရာခိုင်နှုန်းမှသည် ၂ ဒသမ 2 ရာခိုင်နှုန်းအထိအသီးသီးလျော့နည်းသွားအောင် ပြုလုပ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ အကြောင်းမှာ သွင်းကုန်ဝင်ရောက်မှုများ အလွန်အမင်းလျော့ကျသွားခြင်းကြောင့်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ အားနည်းနေသလို သယ်ယူပို့ဆောင်ရေးဘက်တွင်လည်း ပြည်တွင်းပဋိပက္ခနှင့်ဆက်နွှယ်သော အနှောက်အယှက် အဟန့်အတားများ ရှိနေခြင်းတို့ကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေမှာလည်းဆက်လက်လျော့နည်းနေဖွယ်ရှိပါသည်။ တစ်စထက်တစ်စကြီးထွားလျက်ရှိသော မြန်မာ့ရွှေ့ပြောင်းလုပ်သားအင်အားစု (အပိုင်း ၃ ကိုကြည့်ရန်) အနေနှင့် ပြည်ပမှ မိမိနိုင်ငံသို့ ငွေလွှဲပေးပို့မှုများ တိုးလာသော်လည်း အခွန်ငွေ (ဝင်ငွေခွန်) ကောက်ခံမှုနှင့်ပတ်သက်၍ တင်းကြပ်သည့်မူဝါဒများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြည်ပရောက်အလုပ်သမားများ၏ ဝင်ငွေအချိုးအစား တစ်ရပ်ကို နိုင်ငံရင်းသို့ မရမကပြန်ပို့ရန် အတင်းအကြပ်ဖိအားပေးမှုများရှိနေခြင်းက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ငွေလွှဲပေးပို့မှုများပိုမိုလုပ်ဆောင်အောင် မက်လုံးပေးနေသကဲ့သို့ရှိပါသည်။

**အလုံးစုံဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် GDP၏ ၅ ဒသမ ၄ ရာခိုင်နှုန်းမှသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် GDP ၏ ၅ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု မျှော်မှန်းရပေသည်။** အဓိကအကြောင်းအရင်းမှာ ငွေကြေးသုံးစွဲမှု မြင့်တက်လာသောကြောင့်ဖြစ်၏။ လုပ်အားခ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများတွင် ငွေကြေးပိုမိုသုံးစွဲလာလိမ့်မည်ဟု တွက်ဆထားသည့်အတွက် စုစုပေါင်းအသုံးစရိတ်မှာ GDP ၏ ၂၉ ဒသမ ၀ ရာခိုင်နှုန်းသို့ ၁ ဒသမ ၆ ရာခိုင်နှုန်းအမှတ်ခန့်အထိ တိုးမြင့်လာနိုင်ပါသည်။ အခွန်ဘဏ္ဍာငွေမှာလည်း GDP ၏ ၂၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ၁ ဒသမ ၃ ရာခိုင်နှုန်းမှတ်ခန့်ဖြင့် မြင့်တက်လာမည်ဟု မျှော်မှန်းရသည်။ လတ်တလောအခွန်ကောက်ခံမှုဆိုင်ရာ စီမံချက်သစ်များ၊ အခွန်နှုန်းထားတိုးမြှင့်ကောက်ခံမှုများ(ယမကာနှင့် စီးကရက်အတွက်ကောက်ခံသည့်အခွန်အပါအဝင်)၊ မှောင်ခိုလုပ်ငန်းတိုက်ဖျက်ရေးအပါအဝင် တင်းကြပ်သည့်ဥပဒေစည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းမှုများ အစရှိသည်တို့ကြောင့် ဖြစ်သည်။ ဗဟိုဘဏ်မှ ငွေကြေးမ,တည်မှုလိုအပ်ချက်မှာ ဆက်လက်ကြီးမားနေဦးမည်ဟု မျှော်မှန်းရပါသည်။ အများပြည်သူ ကြွေးမြီမှာလည်း GDP ၏ ၆၀ ရာခိုင်နှုန်းအထက်တွင်ရှိနေလိမ့်မည်ဟု ခန့်မှန်းရသည်။ (ကြွေးမြီသုံးပုံနှစ်ပုံကျော်ခန့်မှာ ပြည်တွင်းမှဖြစ်ပြီး ကျပ်ငွေဖြင့် တန်ဖိုးသတ်မှတ်ထားခြင်းဖြစ်သည်) စီးပွားရေးဆောင်ရွက်ချက်များ အားနည်းခြင်းကြောင့် ဖြစ်သည့် အကျိုးဆက်ဂယက်များရှိနေခြင်း၊ ငွေကြေးဖောင်းပွမှုကြောင့် ဘဏ္ဍာရေးလိုငွေပြမှုများ မြင့်တက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ဤသို့အားရစရာမကောင်းသည့် အလားအလာမျိုးကြီးထဲတွင်ရှိနေသည့် အန္တရာယ်များက အဆိုးဘက်သို့ယိမ်းစေမည့် အနေအထားတွင်ရှိသည်ဟု ဆိုရမည်။** ပဋိပက္ခများပိုမိုမြင့်တက်လာခြင်း၊ (၂၀၂၅ ခုနှစ်တွင်ကျင်းပမည်ဟု စီစဉ်ထားသည့် ရွေးကောက်ပွဲကိစ္စအပါအဝင်) သို့မဟုတ် နောက်ထပ်ဆိုးရွားသော သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့က အခန်းကဏ္ဍ အသီးသီး၏ ထုတ်လုပ်နိုင်စွမ်းနှင့် ထုတ်လုပ်မှုများကို ကျဆင်းစေမည်ဖြစ်သည်။ ယင်းသို့ ဆိုးရွားထိတ်လန့်ဖွယ် အခြေအနေများက သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ထောက်ပံ့ပေးပို့ရေး ကွန်ယက်များနှင့် နယ်စပ်ကုန်သွယ်ရေးတို့ကို ပိုမို ကမောက်ကမဖြစ်လာအောင်လည်း ဖန်တီးနိုင်ပေသည်။ ကုန်သွယ်ရေး၊ နိုင်ငံခြားငွေကြေးလဲလှယ်ရေး၊ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပေါ် ထပ်တိုးကန့်သတ်ချက်များပြုလုပ်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန် ယုံကြည်စိတ်ချမှုများကို လျော့ပါးစေသလို တစ်ဖက်တွင် စီးပွားရေးလုပ်ငန်း လည်ပတ်မှုအတွက် စရိတ်စက များကိုလည်း ပိုမိုမြင့်တက်စေပါသည်။ အဆိုပါ အရေးကိစ္စများထဲက မည်သည့်ကိစ္စမဆို ကုန်ကြမ်း ပြတ်လပ်မှုကို ပိုမိုဆိုးရွားစေနိုင်သလို စီးပွားရေးလုပ်ငန်းကြီးများ လုပ်ကိုင်လည်ပတ်မှုကိုလည်း အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုတစ်ရပ်တွင်ပါဝင်သော ကုန်ကြမ်းနှင့် ကုန်ချောဆိုင်ရာ စရိတ်စကအားလုံးကို ပိုမိုဖောင်းပွစေနိုင်သည်။ သင့်တင့်သည့်အချိန်ကာလတစ်ခုမှသည် ရေရှည်သဘောမျိုး စားသောက်ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်မှု ဆက်လက်

ဖြစ်ပေါ်နေခြင်း၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် ပတ်သက်သော အန္တရာယ်များ တရိပ်ရိပ် တိုးပွားလာခြင်းတို့က အိမ်ထောင်စုများကို ပိုမိုဆင်းရဲနွမ်းပါးသည့် အခြေအနေထဲသို့ရောက်အောင် တွန်းပို့နေသည်ကို သတိပြုရပါမည်။

**လတ်တလောဖြစ်ပေါ်နေသော ပဋိပက္ခများ၊ တိုးမြင့်လာသည့်အန္တရာယ်များ၊ မြန်မာ့စီးပွားရေးမရေမရာအခြေအနေများ၊ မြန်မာပြည်တွင်းရော ပြည်ပအထိပါရွှေ့ပြောင်းအခြေချနေထိုင်ကြမှုများ အစရှိသည်တို့သည် အရေးကြီးသော ဖြေရှင်းနည်း တစ်ခုဖြစ်လာပါသည်။** ဤလေ့လာစောင့်ကြည့်မှုဆိုင်ရာ အစီရင်ခံချက်၏ အပိုင်း ၃ တွင် လတ်တလောနှစ်များ အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ထွက်ခွာအခြေချနေထိုင်မှုများနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်သည့် အကြောင်းအရာများနှင့် စိန်ခေါ်မှုများအကြောင်းကို အဓိကအလေးပေး ဖော်ပြထားပါသည်။ ကမ္ဘာ့ဘဏ်နှင့် ILO အဖွဲ့တို့၏ လေ့လာဆန်းစစ်ချက်များအရ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် မြန်မာနိုင်ငံတွင်ရရှိခဲ့သည့် ဝင်ငွေထက် နှစ်ဆမှ သုံးဆအထိ တိုးမြင့်ရှာဖွေနိုင်ကြသည်ဟု သိရပါသည်။ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့သွားရောက် အခြေချ နေထိုင်လုပ်ကိုင်သူများမှာမူ မြန်မာပြည်တွင်ရရှိခဲ့သည့် ဝင်ငွေထက် ၁၀ ဆပိုမိုရရှိကြသည်။ အဆိုပါ မြန်မာရွှေ့ပြောင်းလုပ်သားများသည် သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင်ဖြစ်ပေါ်နေသည့် လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းပေးသလို သက်ဆိုင်ရာ အရည်အချင်းအသီးသီးရှိအောင်လည်း သင်ယူဖြည့်ဆည်းသွားကြသူများဖြစ်သည်။ ယင်းရွှေ့ပြောင်းလုပ်သားများက မြန်မာပြည်သို့ ငွေလွှဲပေးပို့မှုများကြောင့် မြန်မာအိမ်ထောင်စုအားလုံး၏ ၇ ဒသမ ၅ ရာခိုင်နှုန်းမှာ အကျိုးအမြတ် ခံစားကြရသည်။ ယင်းပမာဏသည် မြန်မာအိမ်ထောင်စုများ ပျမ်းမျှဝင်ငွေ၏ သုံးပုံနှစ်ပုံဝန်းကျင်ခန့်ပင်ရှိသည်။ သို့သော် အခြားတစ်ဖက်တွင် ပြည်ပသို့ရွှေ့ပြောင်းအခြေချ အလုပ်လုပ်ကိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် အန္တရာယ်များဖြစ်စေသည်မှာ အသေအချာပင်။ အလုပ်သမားများ နိုင်ငံတကာသို့ သွားရောက်ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းကြောင့် ပြည်တွင်းရှိ အချို့သောနယ်ပယ်များတွင် လုပ်သားရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာသည်ကိုတွေ့ရပါသည်။ စစ်တမ်းရလဒ်များအရ အင်ဂျင်နီယာအတတ်ပညာ၊ ICT၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့် ဆောက်လုပ်ရေး နယ်ပယ်များမှ ကျွမ်းကျင်လုပ်သား ၃၀ ရာခိုင်နှုန်းသည် ပြည်ပသို့သွားရောက်အခြေချပြီး အလုပ်လုပ်ကိုင်ရန် စိတ်ဆန္ဒရှိနေကြသည်။ မြန်မာ့လက်ကျန်လူသားအရင်းအနှီးအတွက် ကြီးမားလှသည့်ဂယက်တစ်ခုပင်ဖြစ်သည်။

**လတ်တလောမြန်မာပြည်မှ နိုင်ငံတကာသို့ရွှေ့ပြောင်းအခြေချနေထိုင်ရန်ကြိုးပမ်းကြရာ၌ အနိုင်အထက်ပြု ခြိမ်းခြောက်မှုများ ပေါ်ပေါက်လျက်ရှိရာ ရွှေ့ပြောင်းအခြေချမှုမှရမည့် အကျိုးအမြတ်ကို လျော့ကျစေသလို စရိတ်စကများလည်း ပိုမိုကုန်ကျစေသည်ကို တွေ့ရပါသည်။** လတ်တလောနှစ်များအတွင်း ပေါ်ပေါက်လာသော ပြည်ပသို့ ရွှေ့ပြောင်းအခြေချနေထိုင်မှုများသည် အရှိန်မြင့်တက်လာသော ပဋိပက္ခများ၊ စစ်မှုမထမ်းမနေရ ဥပဒေသစ်၏ခြိမ်းခြောက်မှုများ၊ အမှန်ရရှိသည့် ဝင်ငွေကျဆင်းမှုများ၊ စီးပွားရေးအခွင့်အလမ်းလျော့ကျလာမှုများ အစရှိသည့် 'တွန်းအားပေးမှုများ' က လှုံ့ဆော်ပေးလိုက်ခြင်းကြောင့်ဖြစ်သည်။ အဆိုပါ တွန်းအားပေးဖက်တာများကိုဆန်းစစ်ကြည့်မည်ဆိုပါက ပြန်လည်နေရာချထားမှုများကို အလျင်စလိုလုပ်ဆောင်နေသည်ကိုတွေ့ရသလို အစီအစဉ်ရေးဆွဲရာ၌ ချို့ယွင်းချက်များရှိသည်ကိုလည်းတွေ့ရပေမည်။ ရွှေ့ပြောင်းအခြေချနေထိုင်သူများမှာ မိမိနှင့်သင့်တော်ကိုက်ညီသည့် အလုပ်အကိုင်ကိုရှာဖွေနိုင်မှုမရှိဘဲ မိမိအရည်အချင်းနှင့် မကိုက်ညီသော (နိမ့်ကျသော) အလုပ် သို့မဟုတ် လုပ်အားခအလွန်နည်းပါးသောအလုပ်စသည်တို့ကို ရွေးချယ်လုပ်ကိုင်ရန် ဖိအားပေးခံထားရသည်ကို တွေ့ရပေသည်။ ထို့အပြင်လိုအပ်ချက်မြင့်တက်လာခြင်းကြောင့်လည်းဖြစ်သည်။ ထိုင်းနိုင်ငံသို့ တရားဝင်ရွှေ့ပြောင်းသွားရောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ မြင့်တက်လာပြီး ၂၀၁၈ နှင့် ၂၀၂၄ ခုနှစ် အကြား ရရှိသည့် နှစ်လခွဲစာ ဝင်ငွေ (လုပ်အားခ) နှင့်ညီမျှသည်။ ယင်းပမာဏသည် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံမှ အလုပ်သမားများ ပေးရသည့် စရိတ်စကထက်သိသိသာသာများပြားလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ရရှိသည့်ဝင်ငွေများ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးပို့မှုနှင့်သက်ဆိုင်သော ဥပဒေစည်းမျဉ်းစည်းကမ်းများမှာလည်း ပိုမိုကြီးလေးခက်ခဲလာပါသည်။ သို့အတွက်ကြောင့် အကျိုးဆက်အားဖြင့် ရွှေ့ပြောင်းအခြေချမှုရော ငွေလွှဲပြောင်းပေးပို့မှုအတွက်ပါ တရားဝင်လမ်းကြောင်း အသုံးပြုရန် စိတ်ပါဝင်စားမှုများလျော့နည်းလာတော့သည်။ ထို့အတူ ဖော်ပြပါ တွန်းအားပေးဖက်တာများကိုကြည့်လျှင် မြန်မာပြောင်းရွှေ့

လုပ်သားများဘက်က စရိတ်စကအနည်းငယ်သာကုန်ကျမည့် တရားမဝင်လမ်းကြောင်းများအသုံးပြုပြီး ထိုင်းနိုင်ငံသို့ ဝင်ရောက်ဖွယ်ရှိသည်ဆိုသောအချက်ကိုလည်း တွေ့မြင်ရပေမည်။ ထိုင်းသို့ တရားမဝင်သွားရောက်သည့် လမ်းကြောင်းတွင် အမြတ်ထုတ်ခေါင်းပုံဖြတ်မှုများနှင့် ခက်ခဲကြမ်းတမ်းမှုများ စသည့်အန္တရာယ်များရှိသော်ငြားလည်း ယင်းလမ်းကြောင်းဖြင့်သာ သွားရောက်ကြဖွယ် ရှိနေသည်။

**မြန်မာနိုင်ငံမှလာရောက်သောရွှေ့ပြောင်းအခြေချသူများကို လက်ခံသည့်နိုင်ငံများမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် ရွှေ့ပြောင်းလုပ်သားများအတွက်ရော ယင်းနိုင်ငံ၏ စီးပွားရေးအတွက်ပါ စီးပွားရေးဆိုင်ရာ ရလဒ်ကောင်းများ ရရှိဖြစ်ထွန်းအောင် ဖန်တီးပေးမည့် အလားအလာရှိပါသည်။** အထက်တွင်ဆိုခဲ့သည့် တွန်းအားပေးဖက်တာများက မြန်မာနိုင်ငံသားများ ပြည်ပသို့ ပြောင်းရွှေ့အခြေချအောင် အတိုင်းအတာတစ်ခုအထိ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သည်။ ပြည်ပရောက်ရွှေ့ပြောင်းလုပ်သားများ၏ ငွေလွှဲပေးပို့မှုလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော အစိုးရလုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်နှင့် စည်းမျဉ်းဥပဒေများမှာလည်း ဆက်လက်တင်းကြပ်နေမည်ဟု ခန့်မှန်းရသည်။ ရွှေ့ပြောင်းအခြေချ နေထိုင်ရခြင်း၏ ပြည့်ဝသော အကျိုးအမြတ်များကို မြန်မာနိုင်ငံသားများသိရှိနားလည်ရန် ခက်ခဲနေဦးမည်သာပင်။ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ဝင်ရောက်အလုပ်လုပ်ကိုင်မှုများရှိလာသည့်အတွက်ကြောင့် သက်ဆိုင်ရာနိုင်ငံများက ပုံမှန်ရွှေ့ပြောင်းဝင်ရောက်အခြေချမှုများ ပိုမိုတိုးပွားလာစေရေးအတွက် စီမံဆောင်ရွက်ချက်အချို့ကို လုပ်ဆောင်ကောင်း လုပ်ဆောင်လာနိုင်ပေသည်။ ဤသို့ဖြင့် အသားတင်အကျိုးအမြတ်ပိုမိုရရှိအောင်လုပ်ဆောင်နိုင်ပေသည်။ ဥပမာ- ထိုင်းနိုင်ငံ ဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာရွှေ့ပြောင်းလုပ်သားစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို လက်ခံခေါ်ယူထားသောနိုင်ငံလည်း ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများအတွက် ထိုင်းနိုင်ငံကလုပ်ဆောင်လာသော စီမံချက်များတွင် MoU ဖြင့် လာရောက်သော အလုပ်သမားများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် အခြေအနေများပိုမိုဖန်တီးပေးခြင်း၊ (ဥပမာ-အလုပ်ကန်ထရိုက် စာချုပ်ကာလ တိုးမြှင့်ပေးခြင်း၊ အလုပ်ရှင်များပြောင်းလဲခွင့်ပြုခြင်း)၊ ရာသီအလိုက် လုပ်သားရွှေ့ပြောင်းမှုများ ပြုလုပ်နိုင်အောင် ဖန်တီးပေးခြင်း၊ ပိုမိုထိရောက်ပြီး တွက်ခြေကိုက်အောင်လုပ်ဆောင်ပေးခြင်း၊ MoU လုပ်ငန်းစဉ်ကို ဒစ်ဂျစ်တယ်ဖြင့်ဆောင်ရွက်နိုင်အောင်ပြုလုပ်ခြင်းတို့ပါဝင်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံမှ ဒုက္ခသည်များ စီးပွားရေး လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းပါဝင်ခွင့်ရရှိနိုင်အောင် လုပ်ဆောင်ခြင်းဖြစ်ပေသည်။

*Figure ES1: Conflict intensity and major events*





*Figure ES2: The share of firms impacted by the flood in September 2024*




*Figure ES3: % change in NTLs: nine months to September 2024 versus year earlier*





*Figure ES4: Firms' average operating capacity*





*Figure ES5: Kyat per US dollar exchange rates*





*Figure ES6: Food Price Indexes (Mar 2022 = 100)*





*Figure ES7: Prevalence of Acute Food Insecurity in Myanmar (million people)*






*Figure ES8: Costs of migrating to Thailand (in months of earnings in Thailand)*



MYANMAR ECONOMIC MONITOR I DECEMBER 2024

THE WORLD BANK
IBRD • IDA | WORLD BANK GROUP
East Asia & Pacific